# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အသိပေးကြေညာချက်

ပြည်ပနိုင်ငံများသို့ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားအသစ်များ အနေဖြင့် ၁-၁-၂၀၁၇ ရက်နေ့မှစ၍ ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပေးထားသည့် နိုင်ငံကူး လက်မှတ်အမျိုးအစားများအနက်မှ အလုပ် (PJ) (Passport for Job) ဖြင့် သွားရောက်လုပ်ကိုင် နိုင်ရေးအတွက် အသိပေးကြေညာပါသည်။

ပြည်ပနိုင်ငံများသို့ အလုပ် (PJ) (Passport for Job) ဖြင့် သွားရောက်လုပ်ကိုင်နိုင်ရေး လုပ်ငန်းစဉ်သည် အလုပ်သမားအသစ်များအတွက် တစ်ဆင့်ခံပွဲစားများ၏ လိမ်လည်လှည့်ဖြားမှု အန္တရာယ်မှကင်းဝေးစေရေး၊ ပြည်ပနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်သည့် အလုပ်သမား များ၏စာရင်းနှင့် သတင်းအချက်အလက်များ ရရှိနိုင်ရေး၊ ကာကွယ်စောင့်ရှောက်မှုများပေးနိုင် ရေးနှင့် ပြည်ပနိုင်ငံများရှိ ပြဋ္ဌာန်းထားသည့်ဥပဒေနှင့်အညီ အလုပ်သမားအခွင့်အရေးများ ရရှိနိုင်စေရေး ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ပြည်ပနိုင်ငံများသို့ အလည်အပတ် (PV) (Passport for Visit) ဖြင့် သွားရောက် လုပ်ကိုင်သည့် အလုပ်သမားများသည် နိုင်ငံကူးလက်မှတ်သက်တမ်းတိုးရာတွင် အခက်အခဲများ နှင့် ကြုံတွေ့ရနိုင်ခြင်း၊ အလည်အပတ်ဗီဇာ၏ ခွင့်ပြုကာလသက်တမ်းကုန်ဆုံးချိန်၌ ပြည်ပနိုင်ငံ များတွင် ဖမ်းဆီးထိန်းသိမ်းခံရနိုင်ခြင်း၊ အလုပ် (PJ) (Passport for Job) ကိုင်ဆောင်ထားခြင်း မရှိသည့်အတွက် လုပ်ငန်းခွင်လုံခြုံမှုမရှိနိုင်ခြင်း၊ ပြည်ပနိုင်ငံများသို့ အလည်အပတ်သွားသူ များနှင့် အလုပ်လုပ်ကိုင်ရန် သွားရောက်သူများ ခွဲခြားရန်ခက်ခဲမှုရှိခြင်းတို့အပြင် လူပွဲစားများက ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်လိုသူများအတွက် အလည်အပတ် (PV) (Passport for Visit) များကို ကြိုတင်ပြုလုပ်၍ နိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းထားပြီး ကုန်ကျငွေများ ပိုမိုတောင်းခံနေမှုကြောင့် မလိုလားအပ်သည့်ပြဿနာများ ဖြစ်ပေါ်လျက်ရှိပါသည်။ ထို့အပြင် အလည်အပတ် (PV) (Passport for Visit) ဖြင့် သွားရောက်ရာတွင် ပြည်ပနိုင်ငံများရှိ လေဆိပ်များ၌ ထိန်းသိမ်းခံရခြင်း၊ အရေးယူခံရခြင်းများလည်း တွေ့ကြုံရလျက်ရှိပါသည်။ အလုပ် (PJ) (Passport for Job) ဖြင့် ပြည်ပသို့တရားဝင်သွားရောက်ခြင်း မရှိသဖြင့် ပြည်ပနိုင်ငံများတွင် ဒုက္ခရောက်ရသလို မလိုလားအပ်သည့် ပြဿနာများ ဖြစ်ပေါ်နေခြင်းကြောင့် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်နိုင်ရန်အတွက် ၁-၁-၂၀၁၇ ရက်နေ့မှစ၍ တရားဝင် အလုပ်သမားအသစ်စေလွှတ်မှုများအား အလုပ် (PJ) (Passport for Job) များဖြင့်သာ ခွင့်ပြု ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ရာတွင် အလုပ်ခေါ်စာ(Demand Letter) ရရှိထားပြီး နှစ်နိုင်ငံ အလုပ်သမား စေလွှတ်ရေး လုပ်ငန်းစဉ်များကြောင့် သတ်မှတ်ချိန်အတွင်း စေလွှတ်နိုင်မှုမရှိသူများအား ၁-၆-၂၀၁၇ ရက်နေ့အထိ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်ပြားများပြုလုပ်၍ ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းစဉ်တွင် ထိုင်းနိုင်ငံ၏ နိုင်ငံတော်အစီအစဉ်ဖြင့် အထောက်အထား ထုတ်ပေးထားသည့် ယာယီနိုင်ငံကူးလက်မှတ်၊ မည်သူမည်ဝါ ဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity -CI) ကိုင်ဆောင်ထားသော အလုပ်သမားများ၊ ပြည်ပနိုင်ငံသို့ ယခင်ကတည်းက ရောက်ရှိအလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများနှင့် ပြည်ပနိုင်ငံများမှ ခွင့်ဖြင့်ပြန်လာကြောင်း ခိုင်မာသည့် အထောက်အထားပြနိုင်သည့် အလုပ်သမားများ အကျုံးဝင်မှု မရှိကြောင်း ဖော်ပြအပ်ပါသည်။

အသေးစိတ်သိရှိလိုသည့် အချက်များနှင့် အခက်အခဲရှိပါက အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန၊ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲ၊ ဖုန်းအမှတ်-၀၆၇-၄၃၀၁၀၈၆၊ ၄၃၀၁၀၈၃၊ E-mail – dolmigration@gmail.com သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါကြောင်း အသိပေး အပ်ပါသည်။